**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး**

**အလုပ်လျှောက်လွှာခေါ်ယူခြင်း**

**၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်**

**(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)**

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (ရုံးချုပ်) တွင် လစ်လပ်လျက်ရှိသည့် လစာနှုန်းကျပ် (၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀) ရရှိသော ဦးစီးအရာရှိ (စာကြည့်တိုက်နှင့် မော်ကွန်းဌာနစု) (၁) နေရာအတွက် အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၈-၂-၂၀၂၃ ရက်နေ့တွင် အသက် (၄၀) နှစ်မကျော်သူဖြစ်ရမည်။

(ဂ) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှစာကြည့်တိုက်အထူးပြုဘာသာရပ်ဝိဇ္ဇာဘွဲ့ (သို့) ဘွဲ့လွန်ဒီပလိုမာ (သို့) မဟာဘွဲ့ရရှိသူဖြစ်ရမည်။ ကွန်ပျူတာကျွမ်းကျင်သူ၊ အင်္ဂလိပ်စာအရေး၊ အဖတ်၊ အပြောကျွမ်းကျင်သူများကို ဦးစားပေးမည်။

(ဃ) စာကြည့်တိုက်လုပ်ငန်းနှင့်ပတ်သက်၍ အတွေ့အကြုံ (၂) နှစ် ရှိရမည်။

(င) စာကြည့်တိုက်ကတ်တလောက်လုပ်ငန်း၊ မျိုးတူစုလုပ်ငန်း (DDC System) ရည်ညွှန်းလုပ်ငန်း၊ စီမံခန့်ခွဲမှုလုပ်ငန်းနှင့် Library Software များကိုကျွမ်းကျင်စွာဆောင်ရွက်နိုင်ရမည်။

(စ) ရွေးချယ်ခံရပါက ကော်မရှင်မှစေလွှတ်မည့်သင်တန်းများ တက်ရောက်နိုင်ရမည်ဖြစ်ပြီး ကော်မရှင်နှင့် အနည်းဆုံး (၃) နှစ် တစ်ဆက်တည်းတာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိခံဝန်ချက်လက်မှတ်ရေးထိုးရမည်။

(ဆ) နိုင်ငံ့ဝန်ထမ်းများ ဝင်ရောက်လျှောက်ထားလိုပါက သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုထောက်ခံချက်ဖြင့်လျှောက်ထားရမည်။ ရွေးချယ်ခြင်းခံရပါက နိုင်ငံ့ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခြင်း သို့မဟုတ် အငြိမ်းစားယူခြင်းပြုပြီးမှသာ ခန့်ထားမည်ဖြစ်ပါသည်။

၂။ ကိုယ်တိုင်ရေးလျှောက်လွှာ (Curriculum Vitae CV Form) နှင့်အတူ အောက်ပါစာရွက်စာတမ်းများပူးတွဲပါရှိရမည်-

- ဘွဲ့လက်မှတ်မိတ္တူမှန်၊
- နိုင်ငံသားစိစစ်ရေးကတ်မိတ္တူမှန်၊

- သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ (၆) လအတွင်း ရရှိထားသည့်ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊
- အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူမှန်၊
- တစ်လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃) ပုံ၊ (ဓာတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးသားရန်)
- အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံ အထောက်အထားမိတ္တူများ၊
- ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်တစ်ဦးဦး၏ ထောက်ခံချက်မူရင်း။

၃။ လျှောက်ထားသူသည် ရေးဖြေ၊ လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာလက်တွေ့စစ်ဆေးခြင်းများကို ဖြေဆိုရမည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးခြင်းလာရောက်သည့်အခါတွင် ပူးတွဲတင်ပြထားသည့် မိတ္တူမှန်များ၏မူရင်းများကို တစ်ပါတည်းယူဆောင်လာရပါမည်။

၄။ ရေးဖြေနှင့် လူတွေ့စစ်ဆေးမှုအောင်မြင်ပါက စိတ်ပညာစစ်ဆေးမှုခံယူရမည်ဖြစ်သည်။

၅။ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်ထံလိပ်မူ၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (ရုံးချုပ်) အမှတ် (၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင်ဖြစ်စေ၊ မှတ်ပုံတင်ပို့စာ (အမြန်ချောပို့) စနစ်ဖြင့်ဖြစ်စေ (၂၈-၂-၂၀၂၃) ရက်ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၆။ အသေးစိတ်သိလိုပါက တယ်လီဖုန်းအမှတ် ၀၁- ၆၅၄၆၈၁ မှ ၆၅၄၆၈၄ Ext: ၈၀၁၊ ၈၀၆ တို့ကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်